တံခွန်တိုင်
စာပေတိုက်

ဝင်းထားထား
(ဆေးတက္ကသိုလ်)

# သံယောဇဉ်တွေသာ ကျည်ဆန်တွေဖြစ်ခဲ့ရင်



GRAPHIC DESIGN
THEIN SHWE KYI

# နိဒါန်း

ဘဝမှာ လူတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးတွေ
စွမ်းရည်သတ္တိတွေဟာ... ဓားအသွားနဲ့တူတယ်။
ဘဝရဲ့အခက်အခဲတွေ၊ လောကဓံတွေ၊
လှည့်စားမှုတွေနဲ့ စိန်ခေါ်မှုတွေက
အဲဒီ ဓားသွားကို ထက်မြသထက် ထက်မြလာအောင်
သွေးပေးနိုင်တဲ့ ဓားသွားကျောက်နဲ့တူတယ်။
လောကဓံဆိုတာမရှိဘဲ လူတစ်ယောက်ဟာ
ကိုယ့်အရည်အသွေးကို ထုတ်မသွေးနိုင်ဘူးလေ။
ဒါကြောင့် လူတစ်ယောက်ဟာ အခက်အခဲတွေ....
ပြဿနာတွေ...စိန်ခေါ်မှုတွေနဲ့ရင်ဆိုင်ရလေ....
ပိုပြီးရဲရင့်ပြတ်သား သတ္တိရှိလာလေ....။

* * *

# အခန်း(၁)

“မောင်ရေ…မနက်ခြောက်နာရီထိုးပြီ…ထတော့ကွယ်”

ကြည်လင်ချိုမြသော…ကန္တကလျ လုံးဂမဆန်သော…ပြတ်သား၍ အမိန့်သံပင် အနည်းငယ် စွက်နေသယောင်ခံစားရစေသော ထိုအသံသည် နှိုးစက်ထဲမှာ သူမကိုယ်တိုင် အသံသွင်းထားခဲ့သော သူ့မိန်းမ “မြူစွမ်းနိုင်”၏ မူပိုင်အသံဖြစ်သည်။ထိုအသံဖြင့်ပင် သူနေ့စဉ်နိုးထရတတ်ကာ သူရဲ့နေ့တစ်နေ့ကို စတင်ခဲ့ရသည်မှာ ဘယ်နှနှစ်တောင်ရှိခဲ့ပြီလဲ။ အင်း….အိမ်ထောင်ဦးကာလကတည်းကဆိုတော့ ငါးနှစ်တောင်ပြည့်တော့မှာပေါ့လေ။ သူကတော့ ထိုအသံကိုကြားတိုင်း သူ့ကိုယ်သူ စက်ရုပ်တစ်ရုပ်ကို သံပတ်ပေးခံလိုက်ရသူလိုပင် တင်းခနဲလေးတော့ ဖြစ်သွားရစမြဲ။ သို့သော် ထိုအသံနှင့် သူနေသားတကျရှိခဲ့တာ ကြာပါပြီလေ။ မျက်လုံးတွေကိုဖွင့်ကာ နံဘေးကိုလှမ်းကြည့်လိုက်လျှင် သူ့ဇနီး သည် ဘယ်တော့မှ ရှိမနေတတ်။ ချော့မြူနွဲ့မှီသော မျက်ဝန်းများဖြင့် သူအိပ်ရာကနိုးအထကို စောင့်ကြည့်နေသော ကလူတူတူ။ ခပ်နော့နော့အကြည့်မျိုးကိုတော့ဖြင့် သူ့မိန်းမထံမှရလိမ့်နိုးဘယ်တော့မှ စိတ်ကူးမယဉ်မိလေနှင့်။ အခုလောက်ဆို ထမင်းစားခန်းထဲမှာ အိမ်ဖော်မိန်းကလေးနှစ်ယောက်ကို စီစဉ်ညွှန်ကြားချက်တွေ တဝေဝေဖြင့် သူ့အတွက် နံနက်ခင်းစာ၊ နေ့လည်စာ၊ ညစာတို့အတွက် စီမံခန့်ခွဲနေပေလိမ့်မည်။

သူက ကုတင်ပေါ်မှ အသာအယထကာ ရေချိုးခန်းထဲဝင်လာခဲ့သည်။ဧ ဘစင်ပေါ်မှာ သွားတိုက်ဆေးအဆင်သင့်ထည့်ထားပြီးသား electric သွားပွတ်တံကလေးက သူ့ဟာဝန်မပျက် စောင့်ကြိုလျက်။ မျက်နှာသုတ်ပဝါ

ဖြူလွလွကလေးက အဆင်သင့်။ သူ့မိန်းမလောက် နေရာတကာ စနစ်တကျအကွက်စေ့သော မိန်းမမျိုး ဒီကမ္ဘာမှာ နောက်တစ်ယောက်တောင် ရှိပါရဲ့လားမသိ။ သူမ၏ တာဝန်ကျေမှု သိတတ်လွန်းမှု၊ စေ့စပ်လွန်းမှုတွေကို သူအမြဲတမ်းလက်ဖျားခါမိလေသည်။ မျက်နှာသစ်၊ သွားတိုက်၊ ရေမိုးချိုးပြီးတာနှင့် သူဝတ်ရမည့် ရုံးတက်ဝတ်စုံက ကျကျနန တန်းမှာချိတ်လို့၊ သူ့မိန်းမက သူ့ကို ရုပ်အကျီဆို အစင်းတွေ၊ အကွက်တွေ ဘယ်တော့မှမဝတ်ခိုင်းတတ် ပါ။ ကြွေရောင်ကဲ့သို့ ပြောင်လက်ဖြူစင်ကော့ပျံနေတတ်သော အဖြူရောင်... အပြာရောင်နုနု... ခရမ်းဖျော့တော့တော့စသော ပြောင်အရောင်ဖျော့တွေကိုသာ ဝယ်ပေး တတ်သည်။ ဘောင်းဘီဆိုလည်း ပုံပန်းကျသေသပ်လွန်းသော Style Pants တွေသာ ဝယ်ပေးတတ်ပါသည်။ အဝတ်အစားလဲပြီးချိန်တွင် ထမင်းစားခန်းဆီမှ သူ့ကိုခေါ်သော ဘဲလ်သံကို ကြားရပြီး သူထမင်းစားခန်းထဲ ခပ်သွက်သွက်လှမ်းဝင်လာခဲ့ရသည်။

ထမင်းစားခန်းထဲမှ နံနက်ခင်းစာသည် နေ့တိုင်းပုံမှန်မပြောင်းမလဲ။ သူကလည်း သူ့မိန်းမက ကယ်လိုရီတွက်ချက်ပြီး စနစ်တကျ ကျွေးမြဖြစ်သော နံနက်ခင်းစာတိုင်းကို ဘယ်တော့မှ ခံတွင်းမတွေ့ တတ်ပါ။ ပထမဆုံးစားရသည်က သစ်သီးလေးတွေ စိပ်ထည့်ထားသော fruit salad တစ်ခွက်၊ ပြီးတော့ လိမ္မော်သီးကို အရည်ညှစ်ကာ လတ်လတ်ဆတ်ဆတ် ဖျော်ထားသော လိမ္မော်ရည်တစ်ခွက် သစ်သီးတွေထဲမှာ လိမ္မော်၊ ပန်းသီး၊ စပျစ်စသဖြင့် ပါဝင်ကာ မိန်းမကတော့ အဆီမပါဝင်သော fat free yogurt ဒိန်ချဉ်နှင့် တွဲဖက်၍ စားစေသည်။ ဘုရားစူး... သူမကြိုက်သော်လည်း သူမ၏ အငြိုငြင်ကို မခံချင်သောကြောင့် ကြိတ်မှိတ်၍ စားရသည်မှာ ငါးနှစ်တင်းတင်းပြည့်တော့မည်။ ပြီးလျှင် ဒုတိယက corn flakes တွေကို semi-skinmed milk နို့ဖြင့်ဖျော်ကာ တစ်ခွက်စားရသည်။ နောက်ဆုံးကျတော့ ပေါင်မုန့်ညိုမီးကင်နှစ်ချပ်နှင့် ကော်ဖီပြင်းပြင်းခါးခါး အဲဒါသူ့နှင့်သူ့မိန်းမရဲ့ နေ့တိုင်း နံနက်ခင်းစာ။

“ကြည့်…မောင် ဆံပင်ကို ဆီမလိမ်းပြန်ဘူ ဆံပင်ညှပ်ရတော့မယ် ဒီညနေ appoimtment ယူထားလိုက်မယ်နော်။ ရုံးကအပြန် hotel ကို ဝင်ဖို့မမေ့နဲ့ဦး..ကဲ…သွားစို့”

သူ့မိန်းမကိုကြည့်လျှင် အစဉ်အမြဲကြော့မော့လှပကာ ခန့်ညားထည်ဝါနေတတ်သည်။ အသက် သုံးဆယ်အရွယ်ဟု မထင်ရလောက်အောင် နုပျိုလှပလွန်းကာ မျက်နှာကလေးပေါ်မှာ skin care အကောင်းဆုံး treatment တွေတစ်လတစ်ကြိမ် spaသွားပြီးခံယူနေကျမို့ ကြွေအသားလေးလို ကြည်လင်တောက်ပ ဝင်းမွတ်လို့နေတတ်သည်။ ဆံပင်တွေက မဟော်ဂနီအရောင်အမြဲထားကာ အခွေအလိပ်ခပ်ကြီးကြီးပုံစံသွင်းပြီး ပခုံးပေါ် ဝဲဖြာနေစေသည်။ ဇာနှင့်ပိုးကို ရင်ဖုံးနှင့်မြန်မာဆန်ဆန် အမြဲချုပ်ဝန်လေ့ရှိတတ်သူ။ နာမည်ကြီးဒီဇိုင်နာဆီမှာ စိတ်တိုင်းကျကျ ချုပ်တတ်လေ့ရှိသည်မို့…သူ့မိန်း မမို့ ဝတ်ထားလျှင် မင်းသမီးတောင် လိုက်မမီချင်း။ ဒီဇိုင်းတွေက အပုံစား၊ မထပ်စေရ။ လက်ကိုင်အိတ် တွေဆိုလျှင် အခန်းပြည့် မှန်ဘီရိုနှင့်အပြည့် ဒီဇိုင်နာ brands တွေချည်း။ ဒေါက်ဖိနပ်တွေ ကြည့်ဦးမလား။ ဗီရိုတွေထဲမှာ အပြည့်။ သူ့မိန်းမလောက် လိုတရပြည့်စုံသော မိန်းမမျိုး သူတကယ်မတွေ့ဖူး။ ဘိုးဘွားမျိုးရိုးစဉ်ဆက် ချမ်းသာကြွယ်ဝပြည့်စုံလွန်းသော သူဌေးသမီးမို့… သူမလိုချင်တာ။ ဖြစ်ချင်တာမှန်သမျှ ရခဲ့သည်ချည်း။ အလုပ်လုပ်သည်ဆိုတာကလည်းမိဘတွေရဲ့အမွေအနှစ်လုပ်ငန်းဖြစ်သော ရတနာဆိုင်ကို သူမကိုယ် တိုင် ဦးစီးလုပ်ကိုင်နေခြင်းဖြစ်သည်။ ယောကျာ်းရတော့လည်း သူမသိပ်ချစ်ပြီး လိုချင်ခဲ့သော သူ့ကိုရခဲ့ သည်။ သူကိုယ်တိုင်လည်း သူမနှင့်လက်မထပ်ခင်က ဘာမှမဟုတ်ခဲ့။ ရုပ်ရည်ကလေး သနားကမားသန့်ပြန့် ချောမောရုံ၊ စနစ်တကျ ကြိုးစားလေ့ကျင့်တည်ဆောက်ခဲ့သောကြောင့် ကြွံခိုင်ဖွံ့ထွားသော စွဲမက်ညို့ ချက်ပြင်းသော ကိုယ်ခန္ဓာတစ်ခုကို ပိုင်ဆိုင်ထားခဲ့ရုံဖြင့် Model

လေးဝင်လျှောက်လိုက်...ကြော်ငြာလေး ရိုက်လိုက်...သီချင်းပဲဆိုရမလား။ ရုပ်ရှင်ပဲရိုက်ရမလား...ဦးတည်ချက်မရှေအရာ ဝေဝါးဝါးဖြစ်နေချိန်မှာ မြစွမ်းနိုင်နှင့် ဆုံဆည်းချစ်ကြိုက် ခဲ့ကြခြင်းဖြစ်သည်။ သူမက သူ့ကိုတော့ ထူးထူးဆန်းဆန်း စွဲစွဲလန်းလန်းပင် ချစ်မြတ်နိုးမက်မောခဲ့ခြင်း ဖြစ်သည်။ မိဘဆွေမျိုး အသိုင်းအဝိုင်းတွေက တားမြစ်နေသည့် ကြားထဲကပင် သူ့ကိုရဲရဲဝံ့ဝံ့၊ သတ္တိရှိရှိ လက်ထပ်ယူခဲ့သော သူ့မိန်းမ၏ အချစ်တွေကိုတော့ဖြင့် သူတကယ်ဦးညွတ်လေးစားမိပါသည်။

လက်ထပ်ပြီး သူမ၏ ခင်ပွန်းတစ်ယောက်ဖြစ်လာခဲ့တော့လည်း သူမဖခင်၏ ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေရောင်းဝယ်သော ကုမ္ပဏီမှာ သူအလုပ်ဝင်ခဲ့ရသည်။ သူ့ဘဝတစ်ခုလုံး ခန့်ညားထည်ဝါသွားခဲ့တာကတော့ လူတိုင်းအားကျလောက်သော အနေအထားမျိုးမှာပေါ့လေ။ သူ့ဘဝ တစ်ခုလုံးထိတွေ့ပတ်သက်သမျှ သူ့မိန်းမနှင့်မကင်း။ အစစအရာရာသည် သူ့မိန်းမ၏ စနစ်တကျ စီမံခြယ်လှယ်အကွက်ချထားခဲ့သမျှတွေချည်းပင်။ ရိုးသားစါ ဝန်ခံရလျှင်တော့ ယောကျာ်း တစ်ယောက် အနေနှင့် သူလွတ်လပ်စွာ ပျံသန်းခွင့်ရချင်တာတော့ အမှန်။ သူ့မိန်းမ၏ အချစ်တွေကြား ထမြှာ သူအသက်ဂဂမရှူနိုင်ခဲ့တာကြာပြီလေ။

“ကြည့်.....ဘာတွေငေးနေတာလဲ မောင်ရယ်။ လူကို မမြင်ဖူးဘူးလား။ ရော့...ကားသော့ ကားလည်း သေချာမောင်းဦးနော်”

မိန်းမက သူ့ဆံပင်တွေကို တစ်ချက်လှမ်းဖွပစ်လိုက်ပြီးမှ သေချာ လက်ကလေးဖြင့် ပြန်နဲ့၍ ပုံသွင်းပေးကာ သူ့မျက်နှာကို ချစ်မြတ်နိုးလွန်းသော အကြည်ဖြင့် ကြည့်ပြီး မေးဖျားဆီသိုပခပ်ဖွဖွနမ်း လိုက်သည်။ သူ့လက်ထဲသို့ သူ့ကားသော့ကလေးလှမ်းထည့်ပေးသည်။ ဒီကားက သူ့အသက်သုံး ဆယ်ပြည့်မွေးနေ့အတွက် မိန်းမက လက်ဆောင်ဝယ်ပေးသော BMW X6 sport ဖြစ်သည်။ သူ့အကြိုက် နောက်ဆုံးဒီဇိုင်းကို သူမက မှာပေးခဲ့ခြင်းဖြစ်သည်။

“အိုကေ မြူစွမ်း…ကိုယ်ဖုန်းဆက်လိုက်မယ် သွားပြီနော်…ဘိုင်”

သူကားထဲဝင်ကာ စတင်၍ မောင်းထွက်ခဲ့သည်။ မိန်းမကလည်း သူမရဲ့ကားကို သူမကိုယ်တိုင် မောင်းကာ ရှေ့ဆင့်နောက်ဆင့် ခြံထဲမှ ထွက်လာခဲ့ကြသည်။ သူသီချင်းနားထောင်ဖို့ ကား CDကို ဖွင့် လိုက်သည်။ သူနားထောင်နေကျ သီချင်းတစ်ပုဒ်က ညင်သာစွာ ခုန်ထွက်လာသည်။ John Legend ရဲ့ All of Meဆိုတဲ့ သီချင်းလေး၊ Give your all to me…I'll give my all to you….You're my end and my beginning…Even when I lose, I'm winning…..

*********

ခြံထဲသို့ ကားကိုမောင်းဝင်လာခဲ့လျှင် ခြံထဲမှာ ကားသုံးစီးရောက်နေပြီမို့ ရတနာဝယ်သူတွေ ရောက်နေပြီဟု သူမသိလိုက်သည်။ ပါးနပ်ကျွမ်းကျင်လိမ္မာသော ဝန်ထမ်းတွေရှိပြီးသားမို့ သူမက စိတ်ချပြီးသား။ အဝင်ဂမှာ ကြိုဆိုသူကလေးက ပြုံးချိုရွှင်မြူစွာဖြင့် နှုတ်ဆက်၏ ။ ဧည့်ခန်းကျယ်ထဲမှာ ဧည့်သည်တချို့ကို အရောင်းဝန်ထမ်းမိန်းကလေးတွေက စိတ်ရှည်ယဉ်ကျေးစွာ ရှင်းပြရောင်းချပေးနေတာကို မသိမသာကလေး အကဲခတ်ပြီးမှ ကိုယ့်ရုံးခန်းထဲသို့ ဝင်လာခဲ့သည်။ သူမရဲ့က assistant မိန်းကလေးက သူမရဲ့တစ်နေ့တာ schedule တွေနဲ့ အဆင်သင့်စောင့်ကြိုလို့။

“မမရေ…မမနဲ့သူငယ်ချင်း မမနှင်းပွင့် ဆက်ထားပြီ။ ခဏနေရင် သူရောက်ပြီတဲ့ဆယ့်နာရီမှာ မိုးကုတ်က ဧည့်သည်တွေ လာလိမ့်မယ်နော်။ ပြီးတော့ မမစစ်ပေးရမယ့် ရတနာဒီဇိုင်းတွေ…ဒီဇိုင်နာ ဆီကနေ ရောက်လာပါပြီ။

စားပွဲပေါ်မှာ အဆင်သင့်ပါနော်....ဆယ့်နှစ်နာရီ မမနေ့လည် စာမစားခင်အထိ အဲဒါပါပဲ မမ”

“အိုကေ....ဖြူလေးရေ သူငယ်ချင်းလာရင် သူ့အတွက် စားစရာတစ်ခုခု စီစဉ်ပေးနော်။ သူက သတို့သမီးလောင်းဆိုတော့ အဆီတွေ အချိုတွေ ရှောင်။ Fuji House ကနေ သွားမှာပေးနော်”

“ဟုတ်ကဲ့.....မမ”

သူမက အလုပ်စားပွဲမှာထိုင်ပြီး ဒီဇိုင်နာထုတ်ထားသမျှ လက်ဝတ်ရတနာဒီဇိုင်းတွေကို အရင်ဆုံး စိတ်ဝင်တစား စစ်ဆေးနေလိုက်သည်။ မကြာပါ တက္ကသိုလ်အတူတူတက်ခဲ့သောအ ရင်းနှီး ဆုံးသူငယ်ချင်း နှင်းပွင့်တစ်ယောက် အခန်းထဲသို့ ဝင်လာခဲ့သည်။ မျက်နှာထားက အကောင်းဆုံးမှို ပွင့်တွေရထားသောမျက်နှာ...အပျော်ပီတိတွေ ထိန်းမနိုင်သိမ်းမနိုင်ပေါ်လွင်နေသော မျက်နှာထားနှင့်...။

“ဟေး....မြူစွမ်းနိုင်။ ငါ့သူငယ်ချင်းလေး အမြဲတမ်း လုပကြော့မော့နေတာပဲ ကြည့်စမ်း.... နင်ဟာ လေဘယ်တော့မှ မပြောင်းလဲဘူး။ တွေ့လိုက်ရင် အမြဲလှပနုပျိုလန်းဆန်းလို့၊ ဧကန္တ ယောက်ျားနဲ့တည့်ပုံရတယ် ဟီးဟီး၊ ရှင့်ကို အားကျလွန်းလို့ ကျုပ်ယူတော့မှာသိလား”

နှင်းပွင့်က တပြုံးပြုံးနှင့်အောရင်းမြူစွမ်းကို အားပါးတရဖက်ကာ နမ်းလိုက်သေးသည်။ သူငယ်ချင်းနှင့်ဆုံတော့ မြူစွမ်းလည်း ကျောင်းသူမကလေးတစ်ယောက်ကို ပြန်လည်သွက်လက်ပျော် ရွှင် လာမိသည်။ နှင်းပွင့်ကို ချစ်စနိုးမျက်စောင်းလေးချီရင်း....

“အပွင့်....နင်ဟာလေ ငယ်ကျင့်ကို မပျောက်နိုင်ဘူး ကိုယ့်ဟာကိုယ် မနေနိုင်လို့ ယောက်ျား ယူမှာကိုတောင် ငါအားကျလို့ဖြစ်ရသေးတယ်...ဟွန်း”

နှင်းပွင့်က ပခုံးကလေးတွန့်ကာ အားပါတရရယ်ရင်း....

"ဟုတ်တယ်လေ....ညည်းဘဝလေးက ဘယ်လောက်လိုတရပြီးပြည့်စုံပြီး အားကျစရာကောင်း လိုက်သလဲ။ ချမ်းသာလိုက်တာလည်း ကျိကျိကိုတက်။ ကျားကျားကလည်း မင်းသားရုပ်လောက်အောင် အမိုက်စား...အလန်းစားကိုရထားတာ၊ စုံတွဲကလေးများ ပွဲတက်လိုက်ရင် တင့်တယ်လို့မဆုံးနိုင်။ မြင်သူတကာက အားကျငေးမောရ ကျားကျားကလည်း နင့်ကိုချစ်လိုက်တာ နင့်စကားတစ်ခွန်းပဲ...ထားရာနေ စေရာသွား နင့်အမိန့် တော်အတိုင်း နေတတ်တဲ့လူစားလေ. ကဲ...နင်မှကံမကောင်း အားကျစရာမကောင်းရင် ဘယ်မိန်းမျိုးကို ကံကောင်းတယ် ခေါ်မှာလဲ...ပြော"

"အမလေး.....အပွင့်ရယ်နင်ဟာလေ...ပို့လွန်းတာများပြီ၊ ငါတို့ဘဝလည်း အစစအရာရာပြီး ပြည့်စုံလိုတရနေတယ်လို့ ပြောလို့မရပါဘူးဟယ်။ ဘဝမှာလိုအပ်ချက်ဆိုတာကတော့ ရှိနေတာပဲဟယ်။ ငါတို့အိမ်ထောင်သက်ငါးနှစ်ရှိလာပြီ။ ကလေးလိုချင်လွန်းလို့ ငါမှာ့ရူးတော့မယ်။ သူကလည်းအရမ်းလိုချင်တယ်။ခုထက်ထိ ကလေးကမရနိုင်ဘူး။ OG တွေနဲ့လည်း ပြည်တွင်းပြည့်ပ စုံသွားပြီ။ ငါ့ဘက်က ချို့ယွင်းချက်ရှိနေတာလေ။ အဲဒီ အကြောင်းတွေးလိုက်မိတိုင်း ငါ့ကိုယ်ငါ အပြစ်ရှိသူတစ်ယောက်လို ခံစားရတယ်။ သူ့အပေါ် တာဝန်မကျေတဲ့ ဇနီးတစ်ယောက်လို အမြဲခံစားရ တယ်နှင်းပွင့်ရယ်။ ကဲ...အဲဒါကို နင်က ငါကံကောင်းတယ်လို့ ခေါ်မလား။ သူ့ဘက်က ဘာမှမပြောပေမယ့် သူ ကလေးတွေ သိပ်ချစ်တတ်တာ ငါအသိဆုံးပေါ့။ သူ့ရင်ထဲက ခံစားချက်တွေကုလည်း ငါခံစား လို့ရနေတာပဲ။ ငါတို့ဘဝမှာ အားလုံးအစစအရာရာ ပြည့်စုံနေတယ်ဆိုပေမယ့် မပြည့်စုံတဲ့ကွက်လပ် ကြီးက တော်တော်လုပ်တာဟာ နင်တို့မှ မသိနိုင်တာ"

သူငယ်ချင်းချင်း ကိုယ့်ဘဝ သူ့ဘဝရင်ဖွင့်တိုင်ပင်နေကျမို့ မြစွမ်းက လျှို့ဝှက်ထိမ်ချန်မနေနိုင် ဘဲ ခုတလောရင်ထဲမှာ တဆစ်ဆစ်နာကျင်ခံစားနေရတာ ကို ရင်ဖွင့်လိုက်မိပြီးမှ ခုမှလက်ထပ်မည့် သတို့သမီးလောင်းကို

အပူတွေပေးမိသလိုဖြစ်သွားမလားဟု ပြန်ပြီးဆင်ခြင်ရပါသည်။

“အေးဟယ်...အဲလိုဆိုတော့လည်း စိတ်မကောင်းစရာ၊ နင်တို့အတွက်တော့ အမွေဆက်ခံစရာ သားသမီးကလေးတစ်ယောက်ကလောက်တော့ အနည်းဆုံးရှိသင့်တယ်နော်။ နေဦး...ငါအမြန်ကလေးယူလိုက်မယ်လေ။ ပြီးရင့်ငါ့သမီးဖြစ်ဖြစ် သားဖြစ်ဖြစ် ကလေးလေးကို နင်တို့ လင်မယားက မွေးစားလိုက်လေဟယ်...ဟီးဟီး”

အဲဒါဆိုရင် ငါ့သားကလေး၊ သမီးကလေး နင်တို့ဆီက ချမ်းသာသမျှ အမွေတွေရ...ဟားဟား

နှင်းပွင့်က အကောင်းသား ပြောနေရင်းကနေ ထပြီးအရွှန်းဖောက်သဖြင့် မြစွမ်းတို့ ရယ်မောမိကြ သည်။

“အေး...အပွင့်မ ညည်းကတော့ ကြီးပွားဦးမှပါ။ ဒါပေမယ့် ငါတကယ်အကြံပေးတာနော်။ နင်သားသမီးကိုချက်ချင်းသာယူလိုက်သိလား။ သားသမီးဆိုတာ အိမ်ထောင်တစ်ခုအတွက် တကယ့် ရတနာပဲ ငါတို့နှစ်ယောက်ဆို ခုချိန်ဘာနှောင်ကြိုးမှ ချည်မထားတော့အပျိုလူပျိုတွေလိုပဲ လွတ်လပ်နေတာ ဒါတောင် ငါက သူငါ့ကို ငြီးငွေ့မသွားအောင် အပြင်မှာ စိတ်သာယာမှု မရှာတတ် အောင် စနစ်တကျကို ဘောင်သွင်းပြီးတော့ထားတာ။ သူ့ကိုနေသားတကျ အရိုးစွဲနေအောင် လေ့ကျင့်ပေးထားရတာ .။.သိလား၊ ကဲကဲ နေဦး ငါတို့အကြောင်းတွေခဏထားဦး။ ညည်းမင်္ဂလာဆောင်အကြောင်း ပြောရအောင်။ မင်္ဂလာပွဲအတါက် ဘာတွေလိုမလဲ။သတို့သမီးဝတ်စုံ ထိုင်မသိမ်းရော၊ ပုဝါရော၊ သတို့သားဝတ်စုံ တောင်ရှည်အပါအဝင် အရံတွေအတွက် ဝတ်စုံတွေ ငါစီစဉ်ပေးမယ်။ ငါ့တာဝန်ထား။ ပြီးတော့ညည်းကိုငါ့ဆိုင်မှာ အကောင်းဆုံး... အလှဆုံး...အဆန်းဆုံး ရတနာတွေ ငါဆင်ပေမးယ် ဟုတ်ပြီလားမယ်မင်းကြီးမ”

“ဟယ်...မြစွမ်းရယ်....ငါ့သူငယ်ချင်းလေး ချစ်ဖို့ ကောင်းချက်များကွယ်

နှင်ဒီလောက်ထိ စပွန်ဆာ ပေးမယ်ဆိုရင် မင်္ဂလာပွဲကို
သုံးပွဲလောက်ကျင်းပချင်လိုက်တာ...အဟီး”

“ကျင်းပပါအေ..ငါတတ်နိုင်ပါတယ်။ ငါ့သမီးမက်နှာမငယ်စေရပါဘူး...
ခိခိ”

“တော်ပါပြီဟယ်...အခုပွဲက ဆီဒိုးနားမှာ လက်ထပ်ထိမ်းမြားပေ့ါဟယ်
ညဒင်နာကိုလည်း pool side မှာ စီစဉ်ထားတယ် နှစ်ပွဲဆိုတော်ပါပြီ
လက်မှတ်ထိုးပွဲကလည်း တစ်ပွဲစီစဉ်ထားသေးတယ်။
ညည်းတို့စုံတွဲအသိသက်သေလက်မှတ်ထိုးပေးရမှာနော်”

“အေးပါ...စိတ်သာချရက်တွေသာ ငါ့ကို ကြိုပြောထား ဖိတ်စာတွေရော
ရိုက်ပြီလား”

“မရိုက်ရသေးဘူး စင်ကာပူကနေ ကိုကိုမှာပေးလိမ့်မယ်။ ရတာ နဲ့
နင့်ကိုအရင်ဆုံးပေးမှာ မင်္ဂလာတစ်ခါဆောင်ရတာ ပျော်စရာလည်းကောင်း
အလုပ်တွေကလည်းများလိုက်တာနော်။ ငါဗိုက်တောင် ဆာလာပြီ”

“ညည်း အဲဒီ လိုပြောမယ်ဆိုတာ ကြိုသိပြီးသားမို့
စီစဉ်ပြီးသားဖြူလေးရေ....ယူလာခဲ့တော့”

ဖြူလေးက ယွန်းဗန်းကလေးနှင့်
အဆင်သင့်ပြင်ဆင်ထားပြီးသားစားစရာတွေ ယူပြီးဝင်လာ တော့ နှင်းပွင့်ပင်
အံ့သြလို့နေသည်။ ရှမ်းထမင်းချဉ်လုံးနှင့် ဟင်းချို Cappuccino ကော်ဖီတစ်ခွက်။

“ဟယ်...မြစွမ်းရယ်။ နင်ဟာလေ တကယ်ကို
သိတတ်လွန်းတယ်သိလား။ ဘယ်နေရာမဆို အကွက်စေ့အောင် စီစဉ်ထားပြီးသား
ဒါ Fuji House က မှာထားတာမှလား။ ကောင်းလိုက်တာဟယ်။
ငါ့မှာစားသာစားချင်နေတာ။ ဝင်ထိုင်ပြီးစားဖို့ကို အချိန်ကရှားပါးနေတာတဲ့
နပ်ရောမစားဘူးလား”

“ငါက အိမ်ပြန်စားနေကျ အပွင့်ရဲ့။ ဆယ့်နှစ်နာရီဆိုလူရောငါပါ အိမ်မှာပြန်ဆုံပြီးစားနေကျ၊ အလုပ်တွေဘယ်လောက်ရှုပ်ရှုပ် အဲဒီ အချိန်ကိုတော့ လွှတ်ထားပေးရတယ်။ သူနဲ့ငါက တစ်နေ့ကို သုံး ကြိမ်တော့ ထမင်းစားပွဲမှာ မျက်နှာချင်းဆိုင်ဆုံပြီး စားတတ်တဲ့အကျင့်ကို တမင်တကာ စီစဉ်ထားတာ လေ။ နို့မို့ဆို ဆက်ဆံရေးတွေ အေးစက်သွားမှာစိုးလို့”

“သြော်...သြော်...မှတ်သားထားပါတယ် ဆရာမကြီးရယ်။ သမီးလည်း လိုက်နာကျင့်သုံးပ့ါ မယ်။ အယ်...ဒါပေမယ့် ကိုကိုက စင်ကာပူမှာ အလုပ်လုပ်ရင် အတူတူပြန်စားလို့ ရဘူးတော့။ သူ့ကိုပဲ ကိုယ်က ထမင်းဘူး ထည့်ပေးလိုက်ရမှာ”

“ဟယ်...ဒါဆိုညည်းက စင်ကာပူ လိုက်နေဦးမှာပေ့ါ”

“အင်းပေ့ါ....မြစွမ်းရဲ့”

“ကောင်းပါပေ့.. အတူတူသာ လိုက်နေပါတယ်။ လင်မယားဆိုတာ တကွဲစီခွဲနေတတ်အောင် ဘယ်တော့မှ လေ့ကျင့်မပေးမိစေနဲ့ သိလား။ ကိုယ်မရှိရင်သူ မနေတတ်အောင်ကို ကိုယ့်ဘက်က သူ့ကို လွှမ်းမိုးအုပ်စိုးချယ်လှယ်ထားပေတော့”

“ဟုတ်ကဲ့...ဟုတ်ကဲ့...မမမြစွမ်းနိုင်ရယ်။ ဉာဏ်ပညာကလည်းကြီးပ့ါ အထာရသာ၌ တွေကလည်း စုံလင်ပ့ါ။ ကျွမ်းကျင်ပ့ါ။ ငါးထမင်းချဉ်လုံးလေးကလည်း စားလို့ ကောင်းလိုက်တာဟယ်...”

“အေးအေးဆေးဆေးသာစား အပွင့်ရေ။ ဆယ်နာရီထိုးရင်တော့ ကျုပ်ကို ခွင့်ပြုတော်မူ။ မိုး ကုတ်က ကျောက်သူဌေးတွေနဲ့ဆုံဖို့ ချိန်းထားပြီးသားမို့ပါ ကျောက်တွေဝယ်ဖို့ စကားပြောရမှာလေ”

“အံ့မယ်...ဒါက ပညာသားပါပါနဲ့ ငါ့ကို အလိမ္မာလေးနဲ့ နှင်တာပေ့ါလေ....မြစွမ်းမ၊ အလကားစတာပါဟယ်၊ နင့်ရဲ့အချိန်တွေက တန်ဖိုးသိပ်ရှိတယ်ဆိုတာ ငါနားလည်ပြီးသားပါ။ ကော်ဖီ လေးဆွဲပြီးရင်

ပြန်ပဲ့ါမယ်...ခ်ခ်”

ဘဂမှာဘာပြီးရင် ဘာလုပ်မယ်ဆိုတာ အမြဲတမ်းစနစ်တကျ စီစဉ်ဇယားဆွဲထားတတ်သော မြစွမ်းရဲ့အကျင့်ကို နှင်းပွင့်ကလည်း နားလည်ပြီးသားဖြစ်သည်။ သူငယ်ချင်းလေးကို နွေးနွေးထွေးထွေး ပွေ့ဖက်နှုတ်ဆက်ပြီးမှ အထူးဧည့်သည်တွေကိုသာ ဧည့်ခံနေကျ အပေါ်ထပ်ရှိ ဧည့်ခန်းဆီသို့ မြစွမ်းတက်လာတော့ ဆယ်နာရီထိုးဖို့ ဆယ်မိနစ်အလို ဧည့်သည်တွေမရောက်ခင် ကိုယ်ကကြိုပြီး အဆင်သင့်စောင့်ကြိုနေခြင်းက ယဉ်ကျေးမှုတစ်ခုမဟုတ်လား။

*********